သတင်းထုတ်ပြန်ချက်

# ၂၀၀၆ ကမ္ဘာ့ကလေးသူငယ်များအခြေအနေ

## ကလေးများကိုလစ်လျူရှုထားခြင်းနှင့်ပစ်ပယ်ထားခြင်းများ အရှေ့အာရှနှင့် ပစ္စဖိတ်ဒေသတွင်ပွားများလာနေခြင်း

၂၀၀၅ခုနှစ်၊ဒီဇင်ဘာလ(၁၄)ရက်၊ဘန်ကောက်မြို့တော်။ ။အရှေ့အာရှနှင့်ပစ္စဖိတ်ဒေသတွင် ကလေးသူငယ်သန်းပေါင်းများစွာတို့သည် လစ်လျူရှုခြင်း၊ ပစ်ပယ်ခြင်းတို့ကိုခံနေရသဖြင့် ၄င်းတို့သည်အသက်ကယ်ဝန်ဆောင်မှုလုပ်ငန်းများကိုပင်ခံစားနိုင်ရန်အခွင့်အရေးမရဖြစ်နေပြီဟု ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက် UNICEF )၏ အစီရင်ခံစာတွင် ဖော်ပြလိုက်သည်။

အရှေ့အာရှနှင့်ပစ္စဖိတ်ဒေသတွင် စီးပွားရေးအခြေအနေမှာ ယခုအခါ လျှင်မြန်စွာတိုးတက်နေသော်လည်း လူမှုရေးမတူညီမှုများပွားများလာနေခြင်းကြောင့်ကလေးသူငယ်များရင်ဆိုင်နေရသည့်အာဟာရချို့တဲ့မှု၊ ကလေးလုပ်အားအသုံးချမှု၊ ကလေးသူငယ်ကုန်ကူးမှုစသည့်ပြဿနာများမှာ ပို၍ဆိုးရွားနေပါသည်။ **“အပယ်ခံရ၊ မျက်ကွယ်ပြုခြင်းခံရ”ခေါင်းစဉ်ပါ ၂၀၀၆ခုနှစ်ကမ္ဘာ့ကလေးသူငယ်များအခြေအနေ**အစီရင်ခံစာအရ အရှေ့အာရှနှင့် ပစ္စဖိတ်ဒေသ၏လူဦးရေ(၁၄)ရာခိုင်နှုန်းခန့်သည် နေ့စဉ်ဝင်ငွေ (၁)အမေရိကန်ဒေါ်လာအောက်ဖြင့်သာ အသက်ရှင်နေကြရသည်။

ပျှမ်းမျှအားဖြင့်ဆိုသော် အရှေ့အာရှနှင့်ပစ္စဖိတ်ဒေသ၏(၂၀)ရာခိုင်နှုန်းခန့် အဆင်းရဲနွမ်းပါးဆုံးမိသားစုများမှမွေးလာသောကလေးငယ်သည် ချမ်းသာသည့်မိသားစုမှမွေးဖွားလာသည့် ကလေးငယ်ထက် အသက်ဆုံးရှုံးရန်အလားအလာသုံးဆခန့်ရှိသည်ဟု ယင်းအစီရင်ခံစာမှဖော်ပြထားပါသည်။ ဤအစီရင်ခံစာကို ယူနီဆက်အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးမစ္စအန်ဗင်းနမင်းမှ လန်ဒန်မြို့တွင်တရားဝင်ထုတ်ပြန်လိုက်သည်။

အရှေ့အာရှနှင့်ပစ္စဖိတ်ဒေသတွင် မြင့်မားသည့်စီးပွားရေးတိုးတက်မှုသည် အခွင့်ထူးခံစားနေရသူများနှင့်အပယ်ခံမျက်ကွယ်ပြုခံနေရသူများအကြားကျယ်ပြန့်နေသည့်ခြားနားမှုကြီးကိုဖုံးကွယ်ထားသကဲ့သို့ဖြစ်နေသည်ဟု အစီရင်ခံစာမှဆက်လက်ဖော်ပြထားပါသည်။ ယင်းအစီရင်ခံစာကို အရှေ့အာရှနှင့်ပစ္စဖိတ်ဒေတွင် ယူနီဆက်၏ဒေသခံညွှန်ကြားရေးမှူးအနုပမာရောင်ဆင်းမှတရားဝင်ထုတ်ပြန်လိုက်သည်။

လူမှုရေးမညီမျှမှုများမှာ ကလေးသူငယ်တို့၏ဘဝအဆင့်ဆင့်တိုင်းတွင်တွေ့ရှိနိုင်ပါသည်။ ယင်းတို့မှာ အာဟာရအစားအစာရရှိမှုနှင့် ပညာရေးရရှိမှုမှစ၍ ရောဂါဘယများနှင့်ခေါင်းပုံဖြတ်ခြင်းတို့မှကာကွယ်မှုရရှိရေးတို့ဖြစ်ပါသည်။ ဒေသ၏ကလေးသူငယ်ကျောင်းနေနှုန်းသည် (၉၀)ရာခိုင်နှုန်းဟုသတ်မှတ်ထားသော်လည်း နိုင်ငံအချင်းချင်းတွင်လည်းကောင်း၊ နိုင်ငံအတွင်းတွင်လည်းကောင်း မတူညီမှုများရှိနေသေးပါသည်။ ဥပမာ လောဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ပြည်နယ်တစ်ခုတည်း၌ပင်ကျောင်းနေနှုန်းသည်(၅၆)မှ(၉၇)ရာနိုင်နှုန်းအထိ ကွဲပြားနေပါသည်။

အလယ်တန်းအဆင့်ကျောင်းနေနှုန်း၌ ပို၍မညီမျှမှုများရှိသည်။ ဖိလိပိုင်နိုင်ငံတွင် အလယ်တန်းကျောင်းနေနှုန်းသည် (၃၁)မှ(၉၇)ရာခိုင်နှုန်းအထိ ဖြစ်ပါသည်။ ရေကောင်းရေသန့်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးရရှိမှုသည် မြို့ကြီးများနှင့် ကျေးလက်ဒေသတို့အကြားကွဲပြားမှုများစွာရှိနေသေးသည်။ ဥပမာ ဒေသ၏ဖွံ့ဖြိုးဆဲနိုင်ငံ(၁၁)နိုင်ငံတွင် မြို့ပြရေရရှိမှုသည် (၈၀)ရာခိုင်နှုန်းရှိသော်လည်း ကျေးလက်ဒေသရေရရှိမှုသည် (၂၉)ရာခိုင်နှုန်းသာ နိုင်ငံအချို့တွင်ရှိနေပါသည်။

...../

United Nations Children's Fund
6th Floor, Yangon International Hotel
330 Ahlone Road, Dagon Township
Yangon, Myanmar
P.O.Box 1435
Telephone 212086, 212087
212090, 212091
Facsimile 95-1-212063
E-mail: unicef.yangon@unicef.org
www.unicef.org/myanmar

ကျန်းမာရေးနှင့်ပညာရေးကဏ္ဍများတွင် အစိုးရ၏ရင်းနှီးမြှုပ်နှံမှုမှာ အလွန်နည်းပြီး အခွန်စည်းကြပ်ခြင်းမှဝင်ငွေများကို ကျန်းမာရေးအတွက်သုံးစွဲခြင်းမှာလည်း အရှေ့အာရှနှင့် ပစ္စဖိတ်သည် ကမ္ဘာပေါ်တွင်အနည်းဆုံးဖြစ်သည်။

ဤကဲ့သို့မညီမျှမှုများသည် ဖွံ့ဖြိုးရေးအတွက်အကျိုးယုတ်စေပါသည်။ ကျွန်ုပ်တို့၏အနာဂါတ်ဖြစ်သည့်ကလေးများအား ထိခိုက်နစ်နာမှုများဖြစ်စေခြင်းဖြင့် ကျွန်ုပ်တို့အတွက်လည်းတစ်နည်းအားဖြင့် ထိခိုက်နစ်နာမှုများဖြစ်နေကြောင်း ယူနီဆက်ဒေသခံညွှန်ကြားရေးမှူးမစ္စအနုပမာရောင်းဆင်းမှ ဆက်လက်ပြောကြားသွားပါသည်။ ကလေးသူငယ်များ၏ဘဝကိုတိုးတက်သာယာလာစေရန် အစိုးရများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများသည် ထိုပစ်ပယ်ခံနေရသည့်ကလေးသူငယ်များ၊ မျက်ကွယ်ပြုခံနေရသည့်ကလေးသူငယ်များအားထိရောက်စွာ ပံ့ပိုးကူညီဆောင်ရွက်သွားရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ကလေးသူငယ်များအတွက်ဝန်ဆောင်မှုများကို ပိုမို၍ကျယ်ပြန့်လာစေပြီး လိုအပ်ဆုံးဒေသများရှိကလေးသူငယ်များအားလက်လှမ်းမှီနိုင်ရန် လူအင်အားနှင့်ငွေအင်အားများကို စိုက်ထုတ်ပေးရမည်ဖြစ်သည်။

အစီရင်ခံစာအရ ခေါင်းပုံဖြတ်ခံနေရသည့်ကလေးသူငယ်များနှင့် မတရားပြုကျင့်စော်ကားခံနေရသည့်ကလေးများသည် မျက်ကွယ်ပြုခြင်းကိုအခံရဆုံးဖြစ်သည်။ ထို့ကြောင့် ဤကဲ့သို့ခေါင်းပုံဖြတ်ခြင်းကိုတားဆီးနိုင်ရန် အစိုးရများကိုကူညီပံ့ပိုးမှုတောင်းခံထားသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှအပ အရှေ့အာရှနှင့်ပစ္စဖိတ်ဒေသရှိနိုင်ငံများတွင် ကလေးသူငယ်(၁၀)ယောက်တွင်(၁)ယောက်သည် ကလေးသူငယ်လုပ်အားအသုံးချခြင်းနှင့် ကလေးသူငယ်ကုန်ကူးခြင်းတို့ကိုခံနေရသည်။ မှန်ကန်သည့်ကိန်းဂဏန်းများရရှိရန်ဖြစ်နိုင်ဘွယ်ရာမရှိသော်လည်း ခန့်မှန်းချက်များအရ နှစ်စဉ် ကလေးသူငယ်ပေါင်း (၁၂) သိန်းသည် လူကုန်ကူးခြင်းကိုခံနေရသည်။ ဤအရေအတွက်၏သုံးပုံတစ်ပုံသည် အရှေ့အာရှနှင့်ပစ္စဖိတ်ဒေသတွင်ဖြစ်ပေါ်နေပါသည်။ အစီရင်ခံစာအရ ကလေးသူငယ်ကုန်ကူးခြင်းသည် များသောအားဖြင့် ပြည့်တန်ဆာလုပ်ငန်းအတွက်သာဖြစ်ကြောင်းဖေါ်ပြသွားပါသည်။

**"အပယ်ခံရ၊ မျက်ကွယ်ပြုခြင်းခံရ"ခေါင်းစဉ်ပါ ၂၀၀၆ခုနှစ်ကမ္ဘာ့ကလေးသူငယ်များအခြေအနေ**သည် ထိခိုက်နစ်နာမှုဖြစ်ရန်အလားအလာအများဆုံးရှိသည့်ကလေးသူငယ်များအား ပြည့်စုံစွာလေ့လာသုံးသပ်ထားပါသည်။ ထိုကလေးသူငယ်များအတွက် လုံခြုံပြီးကျန်းမာသည့်ကလေးသူငယ်ဘဝကိုရရှိမည့်အခွင့်အရေးများကိုကာကွယ်ပေးရန်မှာ အလွန်ပင်ခက်ခဲပါသည်။ ဤကလေးသူငယ်များမှာ ဖွံ့ဖြိုးရေးဝန်ဆောင်မှုအမျိုးမျိုး၊ ကာကွယ်မှုဥပဒေအမျိုးမျိုး၊ ဖွံ့ဖြိုးရေးကိန်းဂဏန်းများနှင့် သတင်းစာဆရာများ၏လက်လှမ်းမှီခြင်း စသည်တို့မျက်ကွယ်ပြုထားသည့်ပတ်ဝန်းကျင်များတွင် ကြီးပြင်းနေရကြသည်။

အကယ်၍ သေချာစွာဂရုတစိုက်ဆောင်ရွက်မှုမျိုးကိုမပြုလုပ်နိုင်ပါက ထိုကလေးငယ်များသည် အပယ်ခံရ၊ မျက်ကွယ်ပြုခြင်းခံရသည့်ကလေးဘဝတွင်ပိတ်မိနေသဖြင့် ယင်းတို့၏နိုင်ငံများ၏ဖူလုံမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုကို ကြီးစွာထိခိုက်ယိုယွင်းစေနိုင်ပါသည်။ ထို့ကြောင့် မည်သည့်လူ့ဘောင်အဖွဲ့အစည်းမျိုးမဆို မိမိတို့၏ကလေးသူငယ်များနှင့်အနာဂါတ်သာယာရေးကိုလိုလားပါကဤကဲ့သို့အဖြစ်ဆိုးမျိုးမဖြစ်ရန်အစွမ်းကုန်ဆောင်ရွက်သွားရမည်ဖြစ်သည်ဟု အစီရင်ခံစာမှဖေါ်ပြထားပါသည်။

***************

အစီရင်ခံစာအပြည့်အစုံကိုဖတ်ရှုလိုပါက www.unicef.org တွင်ဖေါ်ပြထားပါသည်။

**ဆက်လက်သိလိုပါက**

Madeline Eisner, UNICEF Media, Bangkok (+66 2) 356-9406 meisner@unicef.org
Shantha Bloemen, UNICEF Media, Bangkok (+66 2) 356-9407 sbloemen@unicef.org

United Nations Children's Fund
6th Floor, Yangon International Hotel
330 Ahlone Road, Dagon Township
Yangon, Myanmar
P.O.Box 1435

Telephone 212086, 212087
212090, 212091
Facsimile 95-1-212063
E-mail: unicef.yangon@unicef.org
www.unicef.org/myanmar